တရားမဆိုင်ရာ(စီရင်ချက်ပုံစံ)၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၇ခုနှစ်၊တရားမအယူခံမှုအမှတ် ၅၂၀

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၂၀၁၆ခုနှစ်၊တရားမ ပထမ အယူခံမှု အမှတ် ၂၂၆ တွင် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့က ချမှတ်သော စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

| | | |
|---|---|---|
| ဒေါ်နန်းစံမွမ် | နှင့် | ဒေါ်ချွန်လင့် |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

အယူခံတရားလိုအတွက် - ဦးသိန်းသန်းဦး၊တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးအောင်ဇော်သန်း၊တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်

မန္တလေးခရိုင်တရားရုံး ၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၅၆ တွင်ဒေါ်ချွန်လင့်က ဒေါ်နန်းစံမွမ်းအပေါ် TWO DRAGON LEBO အချိုရည် ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှား ပြုလုပ်ထားသည့် GOLDEN DRAGON LEBO အချိုရည် ကုန်အမှတ်တံဆိပ်အား အသုံးပြုပြီး ထုတ်လုပ်မှုမပြုလုပ်ရန်အတွက် ထာဝစဉ်တားဝရမ်း ထုတ်ပေးစေလိုကြောင်း စွဲဆိုရာ စွဲဆိုသည့်အတိုင်း ထာဝရတားဝရမ်းထုတ်ဆင့်သည့်ဒီကရီ ချမှတ်သည်။ ဒေါ်နန်းစံမွမ်း က မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ခုနှစ်၊ တရားမပထမ အယူခံမှု အမှတ် ၂၂၆ ဖြင့် အယူခံရာ အောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကို ထပ်မံတင်သွင်းခြင်းဖြစ်သည်။

တရားလိုဒေါ်ချွန်လင့်က TWO DRAGON LEBO အချိုရည်လုပ်ငန်းကို ၂၂-၈-၁၉၉၁ နေ့မှစ၍ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန၏ ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ် (မတလ/ငယ်/၄၂၉၈) ဖြင့် မှတ်ပုံတင်ခွင့်ပြုချက် ရရှိပြီး စတင်လုပ်ကိုင်ကြောင်း၊ နဂါးနှစ်ကောင်အချိုရည်စက်ရုံမှ ထုတ်လုပ်သည့် ကုန်အမှတ် တံဆိပ်များကို လားရှိုးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၁၉/၂၀၀၉) ဖြင့် မှတ်ပုံတင်ရာ၌ အလားတူအချိုရည်ပစ္စည်းများနှင့် ခွဲခြား

သိနိုင်ရန်အတွက် ကုန်အမှတ်တံဆိပ် (device)၊ အမှတ်တံဆိပ်(brand)၊ ခေါင်းစီး(heading) အစရှိသည်တို့ စနစ်တကျ ဖော်ပြ၍ မှတ်ပုံတင်ခဲ့ကြောင်း၊ အဆိုပါ ကုန်အမှတ်တံဆိပ်ပါ အချိုရည်များကို တနိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချလျှက်ရှိရာ တရားပြိုင်ဒေါ်နန်းစံမွမ်းသည် တရားလိုထံမှကိုယ်စားလှယ်ယူ၍ ရောင်းချဘူးသူဖြစ်ကြောင်း၊ ၎င်းသည် တရားလို၏ ကုန်အမှတ်တံဆိပ်နှင့် ဆင်တူယိုးမှား ဖြစ်သည့် GOLDEN DRAGON LEBO အမည်ဖြင့် အချိုရည်ကို မန္တလေးမြို့၊ စာချုပ်စာတမ်းရုံး၌ မှတ်ပုံတင်၍ တရားလိုထုတ်လုပ်သော အချိုရည်ဗူးများ ဖြစ်သယောင် ဆင်တူယိုးမှား ပြုလုပ်ကာ တနိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချ ခဲ့သဖြင့် တရားလိုတွင် ငွေကြေးဖြင့်ကုစားမရသော နစ်နာဆုံးရှုံးမှုများ ဖြစ်စေကြောင်း၊ ထိုသို့ ဆက်လက် တုပထုတ်လုပ်ရောင်းချခြင်း မပြုစေရန် ထာဝရတားဝရမ်း ထုတ်ပေးစေလိုကြောင်း အဆိုပြုသည်။

ချေလွှာတွင် TWO DRAGON LEBO ကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ တရားလို က တနိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချသည်ဆိုခြင်းနှင့် တရားပြိုင်က ကိုယ်စားလှယ် ယူ၍ ရောင်းချခဲ့သည်ဆိုခြင်းတို့ မမှန်ကြောင်း၊ တရားပြိုင်သည် GOLDEN DRAGON LEBO အမည် ပါကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၁၂/၂၀၁၀) ဖြင့် တရားဝင်မှတ်ပုံတင်၍ အချိုရည်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ အချိုရည်ဗူးထုတ်သည့် စက်သည် တရုတ်ပြည်မှ လာခြင်းဖြစ်ပြီး ပလပ်စတစ် အပျော့ဗူး ပုံစံအတိုင်း ထွက်ရှိသဖြင့် အခြားကုန်အမှတ်တံဆိပ်များကို သုံး၍ ထုတ်လုပ်သော အချိုရည်ဗူး ပုံစံများနှင့်တူညီခြင်း ဖြစ်ကြောင်း၊ထိုင်းနိုင်ငံရှိ T.C Pharmaceutical Industries Co.Ltd ၏ရှေ့နေက ၎င်း၏ကုမ္ပဏီက ထုတ်လုပ်သော RED BULL . Double Bull . Device ကုန်အမှတ်တံဆိပ် အချိုရည်များကို တုပသုံးစွဲပြီး ဈေးကွက်အတွင်း ဖြန့်ချီခြင်းမပြုရန် မိမိအား တားမြစ်ခဲ့ကြောင်း၊ ထို့ကြောင့် တရားလို၏ TWO DRAGON LEBO အမှတ်တံဆိပ် သည်ပင် ထိုင်းနိုင်ငံထုတ် အချိုရည်ဗူးများ၏ ကုန်အမှန်တံဆိပ်များကို တုပထုတ်လုပ်ထားခြင်းဖြစ်၍ ထာဝစဉ်တားဝရမ်း ရထိုက်ခွင့် မရှိကြောင်း ဖော်ပြသည်။

မန္တလေးခရိုင်တရားရုံးက တရားလိုသည် နဂါးနှစ်ကောင်အချိုရည် ကုန်အမှတ် တံဆိပ်ကို ၂၀၀၉ခုနှစ်တွင် စတင်အသုံးပြုပြီး ယင်းကုန်အမှတ်တံဆိပ်၏ မူပိုင်ခွင့်ကို ၂၀၀၉ ခုနှစ်မှာပင် ရရှိခဲ့ကြောင်း၊ တရားလိုထုတ်လုပ်သော TWO DRAGON LEBO တံဆိပ်နှင့် တရားပြိုင်၏ GOLDEN DRAGON LEBO တံဆိပ်ပါ အချိုရည်ဗူး၊ ဂျပ်ဖာပုံးများ၊ အရုပ်အရွယ်အစားတို့တွင်အနည်းငယ်ကွဲပြားသည်မှအပ စာတမ်းအရွယ်အစား၊ အရောင်အသွေး၊ စာလုံးအရေအတွက်မှစ၍ များစွာတူညီပြီး သာမန်အားဖြင့် ခွဲခြားရန်ခက်ခဲကြောင်း၊ တရားပြိုင်က တရားလို၏ အချိုရည်ကုန်အမှတ်တံဆိပ် နှင့် ဆင်တူယိုးမှား ဖြစ်အောင် ကုန်အမှတ်တံဆိပ် ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသဖြင့် တရားလိုတွင် ငွေကြေးဖြင့် ထေ၍ ကုစားမရနိုင်သည့် ဆုံးရှုံးနစ်နာမှု ပေါ်ပေါက်ခဲ့ကြောင်း သုံးသပ်၍ စွဲဆိုသည့် အတိုင်း ဒီကရီချမှတ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ကလည်း မန္တလေးခရိုင်တရားရုံး၏ သုံးသပ်ချက်ကို လက်ခံ အတည်ပြုခဲ့သည်။

အယူခံတရားလို၏ ရှေ့နေက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သည် တရားပြိုင် ဒေါ်နန်းစံမွမ်း၏ ကုန်အမှတ်တံဆိပ်နှင့် တရားလိုဒေါ်ချွန်လင့်၏ ကုန်အမှတ်တံဆိပ်တို့ တိုက်ရိုက် တူညီမှုမရှိခြင်းကို လက်ခံသုံးသပ်ပါလျှက် မူလရုံးအမိန့် အတည်ပြုခဲ့ခြင်းသည် လည်းကောင်း၊ ကုန်အမှတ်တံဆိပ် နှစ်ခု တူညီခြင်း / မတူညီခြင်း နှင့် စပ်လျဉ်း၍ နှစ်ဖက် သက်သေများ အပြိုင် ထွက်ဆိုထားခြင်း၊ ထပ်တူ တူညီမှု မရှိသည်ကို အငြင်းမပွားခြင်း၊ တရားပြိုင်၏ ကုန်အမှတ်တံဆိပ်ကို တရားဝင်မှတ်ပုံတင်စဉ်ကနည်းလမ်းတကျဆောင်ရွက်ခဲ့ခြင်း စသည့်အချက်များကို ကောက်ယူ သုံးသပ်ခဲ့မှု မရှိခြင်းသည် လည်းကောင်း၊ ယခုဖြစ်စဉ်အတွက် ဒေါ်ချွန်လင့်က ဒေါ်နန်းစံမွမ်းအပေါ် ကုန်အမှတ်တံဆိပ်အတုပြုလုပ်မှုဖြင့် စွဲဆိုသည့် တောင်ကြီးမြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် ၁၇၀၁/၂၀၁၂ တွင် ဒေါ်နန်းစံမွမ်းအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းအပေါ် ရှမ်းပြည်နယ်တရားလွှတ်တော် ကလည်း အတည်ပြုထားပြီး ဖြစ်သည်မှာ ထင်ရှားပါလျှက် အဆိုပါအမိန့်နှင့် ကွဲလွဲ ဆုံးဖြတ်ခြင်းမှာ အရေးကြီးသည့် ဥပဒေပြဿနာဖြစ်၍လည်းကောင်း၊ မန္တလေးခရိုင်တရားရုံး နှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်၍ တရားလို စွဲဆိုသည့် အမှုကို ပလပ်ပေးပါရန် တင်ပြလျှောက်လဲသည်။

အယူခံတရားပြိုင်၏ ရှေ့နေက ဒေါ်ချွန်လင့်၏ နဂါးနှစ်ကောင် အချိုရည်လုပ်ငန်းကို ၁၉၉၁ ခုနှစ် ၌ စတင်လုပ်ကိုင်ပြီး ၂၀၀၉ခုနှစ်တွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ထုတ်လုပ်ဖြန့်ဖြူး အောင်မြင်နေမှုကို အသုံးချ၍ ဒေါ်နန်းစံမွမ်းသည် ဆင်တူယိုးမှား ဖြစ်သည့် ကုန်အမှတ်တံဆိပ်ကို ၂၀၁၀ ခုနှစ်တွင် မှတ်ပုံတင်၍ လုပ်ကိုင်ခဲ့သဖြင့် ဝယ်ယူ စားသုံးသူများနှင့် ရောင်းချသူများအကြား လွဲမှားမှုများဖြစ်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံ၏ စက်ရုံတစ်ရုံတည်းမှ မှာယူတင်သွင်းကြောင်း တင်ပြချက်မှာ အမှု၌ ပေါ်ပေါက်ခြင်း မရှိသည့်ပြင် အခြားနိုင်ငံရှိ ကုမ္ပဏီများကသာ တရားစွဲဆိုရမည်ဟူသော တရားပြိုင်၏ တင်ပြချက်သည် ၎င်း၏တုပမှုကို အကာအကွယ်ယူနိုင်ရန် တင်ပြနေခြင်းသာ ဖြစ်ကြောင်း၊ နဂါးနှစ်ကောင် အချိုရည်သည် ၁၉၉၁ခုနှစ်က စတင် ထုတ်လုပ် ဖြန့်ဖြူးခဲ့ခြင်း ဖြစ်ပြီး ထိုင်းနိုင်ငံထုတ် အချိုရည်များသည် မြန်မာနိုင်ငံတွင် ၁၉၉၃ခုနှစ်မှ စတင်ဖြန့်ဖြူးခြင်းဖြစ်၍ ၎င်းတို့ကိုတုပသည်ဟု တရားလိုထံပေးပို့လာသော အကြောင်းကြားစာအပေါ် ရှင်းလင်းပြန်ကြားပြီး ဖြစ်ကြောင်း၊ ဒေါ်နန်းစံမွမ်းအပေါ် စွဲဆိုခဲ့သည့် ရာဇဝတ်မှု၏စီရင်ချက်မှာ တရားမမှုတွင် သက်သေခံမဝင်ကြောင်း၊ တရားမကြောင်းစွဲဆိုမှု အမိန့်မချမှတ်မီ ထုတ်ဆင့်ထားသော ယာယီတားဝရမ်းကို ဖေါက်ဖျက်သဖြင့် ဒေါ်နန်းစံမွမ်းအပေါ် တရားရုံးများကို မထေမဲ့မြင်ပြုမှုဖြင့် စွဲဆိုခဲ့ရာ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌ ၂၀၁၇ ခုနှစ်၊ တရားမအထွေထွေမှု အမှတ် ၁၆ ဖြင့် စုံစမ်းစစ်ဆေးနေဆဲ ဖြစ်သည့်ပြင် တရားမကြီးမှု ဆိုင်ပြိုင်ဆဲ ၂၀၁၅ခုနှစ် ၌ တရားပြိုင်သည် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ထပ်မံပြုလုပ်၍ တရားလိုနစ်နာအောင် ဆောင်ရွက်နေကြောင်း၊ တုပထားသော ကုန်အမှတ်တံဆိပ် နှင့် ထုတ်လုပ်ဖြန့်ဖြူးမှုကြောင့် တရားလို၏ နစ်နာဆုံးရှုံးမှုများမှာ အမှုတွဲ အထောက်အထား များ၌ပေါ်လွင်ပြီးဖြစ်၍ အယူခံမှုကို လက်ခံခွင့်ပြုရန် မသင့်ကြောင်း တင်ပြလျှောက်လဲသည်။

တရားလိုဒေါ်ချွန်လင့်သည် နဂါးနှစ်ကောင် အချိုရည်စက်ရုံမှ ထုတ်လုပ်သည့် ကုန်အမှတ်တံဆိပ်များကို လားရှိုးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ၁၈-၃-၂၀၀၉ ရက်စွဲပါ မှတ်ပုံတင်အမှတ် ၁၉/၂၀၀၉ (သက်သေခံ-က) ဖြင့် မှတ်ပုံတင်ပြီး အချိုရည်ဗူးများ ထုတ်လုပ်ဖြန့်ဖြူးသည်။ ထိုသို့ မှတ်ပုံတင်ခြင်းမပြုမီ ၁၉၉၁ခုနှစ်ကတည်းက ပုဂ္ဂလိကစက်မှုလုပ်ငန်း ခွင့်ပြုချက်ဖြင့် အချိုရည်ဗူးများ ထုတ်လုပ်ဖြန့်ဖြူးနေကြောင်း လားရှိုးမြို့၊ စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာန မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦး(လိုပြ-၅) ၏ ထောက်ခံထွက်ဆိုချက်၊ နဂါးနှစ်ကောင် ပုံနှိပ်စက်နှင့် အချိုရည်ထုတ်စက် ၏ စက်ပြင်ဆရာ ကိုမင်းဇော်ထွန်း (လိုပြ-၃)၏ ထွက်ဆိုချက်တို့ဖြင့် အထောက်အထားပြုတင်ပြသည်။

တရားပြိုင် ဒေါ်နန်းစံမွမ်းသည် ၎င်း၏ GOLDEN DRAGON LEBO အချိုရည်ကို မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၁-၁-၂၀၁၀ ရက်စွဲပါ စာချုပ်အမှတ် ၁၂/ ၂၀၁၀ (သက်သေခံ-၂) ဖြင့် မှတ်ပုံတင်၍ ထုတ်လုပ်ဖြန့်ဖြူးကြောင်း တင်ပြသည်။

မှတ်ပုံတင်ခြင်းသည် ကုန်ပစ္စည်းထုတ်လုပ်မှု မည်သူစောသလဲ သိသာစေမှု တစ်ခုသာဖြစ်ပြီး မှတ်ပုံတင်ခြင်းထက် သာလွန်သော ညွှန်ပြချက်ရှိပါက ထိုအချက်ကိုကြည့်၍ ကုန်အမှတ်တံဆိပ် တီထွင်သုံးစွဲမှု၏ မူလဖြစ်မှုကို လက်ခံရန်ဖြစ်ပေရာ ဒေါ်ချွန်လင့်၏ ထုတ်လုပ်မှုသည် ကုန်ပစ္စည်းထုတ်လုပ်မှုတွင်သာမက မှတ်ပုံတင်ခြင်းတွင်လည်း တရားပြိုင်ထက် စောသောကာလကို ညွှန်ပြနေသည်။ **ဦးကျော် နှင့် ဦးဘအေး အမှု** [၁] တွင် ကုန်အမှတ်တံဆိပ်ပေါ် ပိုင်ဆိုင်မှု အခွင့်အရေးသည် မှတ်ပုံတင်သည့် နေ့ရက်မှ စတင်ရရှိသည် မဟုတ်ဘဲ ယင်းတို့ ကုန်သွယ်မှုတွင် စတင်သုံးစွဲသည့် အချိန်ကာလ၌ မူပိုင်ခွင့် စတင်ရရှိကြောင်း ဆုံးဖြတ် ထားသည်။

တရားလို၏ TWO DRAGON LEBO ကုန်အမှတ်တံဆိပ် အထက်ပိုင်းတွင် နဂါးနှစ်ကောင်မျက်နှာချင်းဆိုင်ပုံ၊ ၎င်းအောက်တွင် နွားနှစ်ကောင်မျက်နှာချင်းဆိုင်ပုံ၊ ၎င်းအောက်တွင် အင်္ဂလိပ်စာသားဖြင့်TWO DRAGON LEBO စာသား၊ ၎င်းအောက်တွင် တရုတ်စာလုံးကြီးများ၊ ၎င်းအောက်တွင် တရုတ်စာလုံးသေးများ ပါရှိသည်။

တရားပြိုင်၏ GOLDEN DRAGON LEBO ကုန်အမှတ်တံဆိပ်၌ အထက်ပိုင်းတွင် နဂါးနှစ်ကောင် ရစ်ခွေနေပုံ၊ ၎င်းအောက်တွင် ကျွဲနှစ်ကောင်ပုံ၊ ၎င်းအောက်တွင် တရုတ်စာလုံးများ၊ ၎င်းအောက်တွင် GOLDEN DRAGON LEBO စာတမ်း၊ ၎င်းအောက်တွင် တရုတ်စာလုံးကြီး/သေးများနှင့် 200ml စာတမ်း၊ ၎င်းအောက်တွင် တရုတ်စာလုံးသေးများနှင့် Super Vitramin Drink စာတမ်းများ ပါရှိသည်။

စာလုံး၊ ရုပ်ပုံ၊ စာတမ်းတို့ အရ ကုန်အမှတ်တံဆိပ်နှစ်ခု တူညီခြင်းမရှိကြောင်း ပေါ်ပေါက်သော်လည်း တံဆိပ်အောက်ခံအရောင်များနှင့် တရုတ်/အင်္ဂလိပ် စာလုံး စာတမ်းများ၊ ရုပ်ပုံအောက်ခံအရောင်များ တူညီသည်ဖြစ်၍ မျက်မြင်အားဖြင့် မှားယွင်းနိုင်သည်။

ထိုသို့ ထင်ယောင်ထင်မှား ဖြစ်စေနိုင်သည့် အခြေအနေဖြစ်ကြောင်း သုံးသပ်ခဲ့သည့် မူလ အမှုစစ်တရားရုံးသည် တရားလိုနှင့် တရားပြိုင်တို့ ကုန်အမှတ်တံဆိပ်များ ကပ်နိုပ်ထား

၁။ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ (တရားရုံးချုပ်)၊ စာ - ၁၈၇

သည့် အချိုရည်ဗူးများ၊ ထုတ်ပိုးသည့် ဂျပ်ဖာဗူးများကို မျက်မြင်ကြည့်ရှုပြီးမှ အမှုတွဲ၌ ဓါတ်ပုံ မှတ်တမ်းများ တင်သွင်းစေခဲ့ခြင်းဖြစ်ပေရာ မူလအမှုစစ်တရားသူကြီး၏ မျက်မြင်တွေ့ရှိချက်ကို အလေးထား လက်ခံသင့်သည်။

မည်သည်ကို အတုအပခေါ်ကြောင်း ပုံသေကားချပ် နည်းလမ်းများသတ်မှတ်၍ မဖြစ်နိုင်ကြောင်းနှင့် တံဆိပ်နှစ်ခု တူ မတူ ဆုံးဖြတ်ရာတွင် သက်သေထွက်ချက်များက တရားသူကြီး၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို မလွှမ်းမိုးကြောင်း၊ **ဂေါ်ရှန်စု နှင့် အီးစီမဒါ အမှု** [၂] တွင် ထုံးဖွဲ့သည်။

**ဦးမောင်မောင် (ခ) အလီဘိုင် နှင့် ဒေါ်ခင်သန်းမြင့် အမှု** [၃] တွင် တုပမှုဖြစ်စေရန်အတွက် တံဆိပ်အစစ်နှင့် အတုသည် အသေးစိတ်အချက်အလက် အားလုံးထပ်တူ တူညီရန်မလို၊ အဆိုပါ တံဆိပ်နှစ်ခု တူနေခြင်းသည် အချင်းဖြစ်ကုန်ပစ္စည်းကို ရောင်းချရန် ရည်စူးသော လူများအားလှည့်ဖြားရန် စီမံပြုလုပ်ထားသည်ဟု သဘောရရှိလျှင် တုပမှုဖြစ်ရန် ဥပဒေအရ လုံလောက်သည်ဟု ထုံးဖွဲ့ထားသည်။

ထို့ကြောင့် တရားပြိုင်၏ ကုန်အမှတ်တံဆိပ်သည် တရားလို၏ ကုန်အမှတ်တံဆိပ်တို့ ဆင်တူယိုးမှားဖြစ်ကြောင်း မူလရုံးနှင့် အယူခံရုံးတို့၏ ကောက်ယူသုံးသပ်ချက်များသည် အမှုတွဲပါ သက်သေခံအထောက်အထားများနှင့် မှန် ကန် ညီညွတ်သည်ဟု ပေါ်ပေါက်သည်။

ကုန်အမှတ်တံဆိပ် အတုပြုလုပ်မှုဖြင့် ဒေါ်ချွန်လင့်က ဒေါ်နန်းစံမွှမ်း အပေါ် စွဲဆိုသည့် ရာဇဝတ်မှု၌ အပြီးအပြတ်လွတ်ခဲ့ပါလျှက် အဆိုပါ အမိန့်နှင့် ကွဲလွဲဆုံးဖြတ်ခြင်းသည် အရေးကြီးသော ဥပဒေပြဿနာဖြစ်ကြောင်း အယူခံတရားလို၏ရှေ့နေမှ တင်ပြသည်။ ရာဇဝတ်မှု၏ စီရင်ချက်သည် တရားမမှုတွင် သက်သေခံမဝင်သဖြင့် ယင်းစီရင်ချက်ပါ ဆုံးဖြတ်ချက်ကို လက်ခံရန်မဟုတ်ဘဲ အမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များအရသာ ဆုံးဖြတ်ရသည်။ **မင်္ဂလာသုခဆန်စက်ကုမ္ပဏီ** နှင့် **ဦးသိန်းစိန် အမှု** [၄] ကို ကြည့်ပါ။

၎င်းအပြင် တရားပြိုင်ဒေါ်နန်းစံမွှမ်းသည် လားရှိုးမြို့၌ တရားလို၏ အချိုရည်ဗူးများ စတင်ထုတ်လုပ်စဉ်ကတည်းက တရားလိုဒေါ်ချွန်လင့်၏ အိမ်အနီးတွင်နေထိုင်ပြီး အမှတ်တံဆိပ်ပုံနှိပ်မည့် စက္ကူများကို တရုတ်ပြည်မှ မှာယူတင်သွင်းပေးသူဖြစ်ကြောင်း ကိုမင်းဇော်ထွန်း (လို ပြ-၃) ၏ တင်ပြချက်၊ တရားလို၏ အချိုရည်ဗူးများကို ကိုယ်စားလှယ် မှာယူသဖြင့် မန္တလေးမြို့သို့ ပို့ဆောင်ပေးရကြောင်း မတင်တင်အုန်း(လိုပြ-၄) ၏တင်ပြချက်များကို တရားပြိုင်က ငြင်းကွယ်ခြင်း မရှိပေ၊ တရားပြိုင်သည် တရားလို၏ အချိုရည်လုပ်ငန်း အောင်မြင်နေမှုကို ကောင်းစွာသိရှိပြီး လူများအား လှည့်ဖြားရန် ဆင်တူယိုးမှားတံဆိပ်တစ်ခုကို စီမံပြုလုပ်၍ မျိုးတူပစ္စည်းကိုထုတ်လုပ်ဖြန့်ဖြူးသည်ဖြစ်ရာ တရားလို၌ နစ်နာဆုံးရှုံးစေမည်ဖြစ်ကြောင်း မြင်သာသည်။

---

၂။ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားလွှတ်တော်ချုပ်)၊ စာ - ၁၃၆

၃။ ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၂

၄။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၉၄

ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် မိမိထုတ်လုပ်ဖြန့်ဖြူးသော ကုန်ပစ္စည်းများအပေါ် ကပ်နှိပ်အသုံးပြုနေသော ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်း၊ အဆိုပါ အမှတ်အသားကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ကြောင်း၊ အခြားသူတစ်ဦးတစ်ယောက်၏ ကုန်အမှတ်တံဆိပ်ကို တုပထားခြင်းမရှိကြောင်း နှင့် အဆိုပါကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ မည်သူတစ်ဦး တစ်ယောက်မျှ မည်သည့်ကုန်ပစ္စည်းကို ထုတ်လုပ်ရောင်းချသည်ကို မတွေ့မြင်၊ မကြားသိကြောင်း ဝန်ခံချက်ပြု၍ မြွတ်ဟကြေငြာစာတမ်းတစ်ခုအနေဖြင့် မှတ်ပုံတင်ခြင်း ဖြစ်သည်၊

အဆိုပါမှတ်ပုံတင်မည့် ကြေငြာစာတမ်းကို မှတ်ပုံတင်ရုံးသို့ ရက်သတ္တ ၃ ပတ်ကြိုတင် ပေးပို့ထားရပြီး မှတ်ပုံတင်ရုံးက ယခင်မှတ်ပုံတင်ခွင့်ပြုခဲ့သည့် ကုန်အမှတ်တံဆိပ် များနှင့် တူညီမှု ရှိ မရှိ စိစစ်၍ အလားတူမှတ်ပုံတင်ပြီးတံဆိပ်မရှိက မှတ်ပုံတင်ပေးခြင်း ဖြစ်ကြောင်း နှင့် မှတ်ပုံတင်ပေးရန် လျှောက်ထားလာသည့် အမှတ်တံဆိပ်သည် အခြားမှတ်ပုံတင်ရုံး တစ်ခုခု၌ မှတ်ပုံတင်ပြီးခြင်း ရှိ မရှိ ကိုသော်လည်းကောင်း၊ မှတ်ပုံတင်ရန် လျှောက်ထား လာမှုကို ကန့်ကွက်လိုသူ ရှိ မရှိ ကြေငြာထုတ်ဆင့်ခဲ့ခြင်းသော်လည်းကောင်း မရှိသည်ကို မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးမှ လက်ထောက်ဦးစီးမှူး ဦးကိုကိုမင်း (ပြိုင်ပြ-၂) က တင်ပြထားသည်။

တရားပြိုင်က ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားရာတွင် လိုအပ်သည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ မှတ်ပုံတင်ရုံးက ကုန်အမှတ်တံဆိပ်ကို မှတ်ပုံ တင်ပေးခြင်းဖြစ်ပြီး ၎င်းထက်စောစွာ မှတ်ပုံတင်ထားသော တရားလို၏ ကုန်အမှတ်တံဆိပ် နှင့် ဆင်တူယိုးမှား ဖြစ်နေ၍ သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၅၄အရ တားဝရမ်းထုတ် ဆင့်ပေးခဲ့ခြင်းမှာ မှားယွင်းမှု မရှိပေ။

ထို့ကြောင့် မန္တလေးခရိုင်တရားရုံးက တားဝရမ်းထုတ်ဆင့်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီ ကို ဆက်လက်အတည်ပြုခဲ့သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက် နှင့် ဒီကရီသည် ဥပဒေကြောင်းအရ လည်းကောင်း၊ အကြောင်းခြင်းရာအရ လည်းကောင်း မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်သဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

သို့ဖြစ်၍ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

(အောင်ဇော်သိန်း)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး